**KACHIN WOMEN'S ASSOCIATION THAILAND**

P.O.BOX 415, CHIANG MAI 50000, THAILAND

အရေးပေါ်ထုတ်ပြန်ချက်။ ။ နိုဝင်ဘာလ ၁၅ ရက်၊ ၂၀၁၆ ခုနှစ်။

# သတင်းထုတ်ပြန်ချက်

## အမျိုးသားဒီမိုကရေစီအစိုးရလက်ထက် ဆက်လက်ကျူးလွန်နေသော အစိုးရစစ်တပ်၏ ချိုးဖောက်မှုများကို ကချင်အမျိုးသမီးများက ဖွင့်ထုတ်ဖေါ်ပြလိုက်ခြင်း

ကချင်အမျိုးသမီး**များ**အစည်းအရုံး ထိုင်းနိုင်ငံ (KWAT) သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရွေးကောက်ပွဲ အနိုင်ရပြီး အာဏာရသည့်အချိန်မှစ၍ ယခုနှစ်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်း ကချင်ပြည်နယ်တွင် အစိုးရစစ်တပ်က ကျယ်ကျယ်ပြန့်ပြန့် အစဉ်တစိုက်ကျူးလွန်နေသော ချိုးဖောက်မှုများကို အစီရင်ခံစာ အသစ်တွင် မှတ်တမ်းတင်ထားသည်။

"ငြိမ်းချမ်းရေး **နောက်ကွယ်မှ ငိုကြွေးသံ"** အစီရင်ခံစာတွင် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIA)အား အပြင်းအထန်ထိုးစစ်ဆင် တိုက်ခိုက်နေသည့်တချိန်တည်းတွင် အစိုးရစစ်တပ်က အရပ်သားပြည်သူများအပေါ် စဉ်ဆက်မပြတ် ကျူးလွန်နေသော မတရားဖမ်းဆီးမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ တရားလက်လွတ်သတ်ဖြတ်မှုများများကို ဖေါ်ပြထားသည်။ အနည်းဆုံး အစိုးရစစ်တပ် တပ်ရင်းစုစုပေါင်း ၉ ရင်းပါဝင်သော ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ် ၂၁ခု တွင် ရွာသားများကို ကြိုးဖြင့်ချည်၊ မျက်နှာအဝတ်စည်းပြီး ခြေထောက်ဖြင့် ကန်ကြောက်ခြင်း၊ သေနတ်များဖြင့် ရိုက်နက်ခြင်း၊ ခြေသလုံးကို ဝါးလုံးဖြင့်လှိမ့်ခြင်း၊ ဓားဖြင့်ထိုးခြင်း စသည်တို့ ပြုမူခဲ့ကြသည်။ အမျိုးသား ၆ ဦးနှင့် အမျိုးသမီး ၂ ဦး သတ်ဖြတ်ခံရခြင်း သို့မဟုတ် လက်စတုံးပျောက်ဆုံးသွားခဲ့သည်။

ရွာသားများအစုလိုက်အပြုံလိုက် မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ အိမ်များကို အကြောင်းမဲ့ မီးရှို့ခြင်း နှင့် အရပ်သားပြည်သူများနေထိုင်ရာနေရာများအတွင်းသို့ လက်လွတ်စပယ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း ကြောင့် ကလေးသူငယ်များ အသက်ဆုံးရှုံး ထိခိုက်ဒဏ်ရာရခဲ့ရသည်။ ထို့အပြင် နောက်ထပ် အိုးအိမ်မဲ့စွန့်ခွာမှု အသစ်များပါ ဖြစ်ပေါ်စေသည်။

အစိုးရစစ်တပ်သည် စစ်တပ်က ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရာဇဝတ်မှုများနှင့်ပတ်သက်၍ တရားမျှတမှု အားထုတ်ဆောင်ရွက်ချက်များကို ဆက်လက်ပိတ်ပင်နေသည့် သာဓကများကို ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) က မီးမောင်းထိုးပြထားသည်။ ကချင်ကျောင်းဆရာမလေး နှစ်ဦးကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့မှုနှင့် ယမန်နှစ်က အသက် ၇၃ နှစ်အရွယ် မုဆိုးမ အဖွားအိုကို လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုဖြစ်ရပ်များ အပါအဝင် ဖြစ်သည်။

"အစိုးရစစ်တပ်ရဲ့ချိုးဖောက်မှု ပုံစံတွေ၊ ဥပဒေအရ ကင်းလွတ်ခွင့်ရနေတာတွေဟာ အရင်အစိုးရလက်ထက်အတိုင်း ဘာမှ မပြောင်းလဲဘူး။ တိုက်ပွဲတွေတောင် ပိုဆိုးလာပါသေးတယ်။" ဟု KWAT ပြောရေးဆိုခွင့်ရှိ မမွန်းနေလီက ထောက်ပြသည်။ "NLD အစိုးရရဲ့ ငြိမ်းချမ်းရေး စကားလုံးတွေက မြန်မာပြည်မြောက်ဖက်ပိုင်းမှာ တကယ်လက်တွေ့ဖြစ်နေတဲ့ အခြေအနေကနေ ကြည့်မယ်ဆိုရင် လက်တွေ့နဲ့ ဝေးလွန်းပါတယ်။"

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) သည် အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် တိုင်းပြည်အဝှမ်း ထိုးစစ်များရပ်တန့်ရန် အစိုးရ စစ်တပ်အပေါ် ဖိအားပေးရန် နှင့် မြန်မာနိုင်ငံ မြောက်ဖက်ပိုင်းတွင် ခိုလှုံနေကြသော အိုးအိမ်မဲ့ပြည်သူ တစ်သိန်းကျော်အတွက် လူသားချင်းစာနာမှုအကူအညီများထောက်ပံ့ပေးခြင်းအပေါ် ချမှတ်ထားသော ကန့်သတ်ချုပ်ချယ်မှုများကို ဖယ်ရှားပေးရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရကို အရေးတကြီး တောင်းဆိုထားသည်။

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) သည် နိုင်ငံတကာအသိုင်းအဝန်းကိုလည်း အစိုးရစစ်တပ်နှင့် ပြုလုပ်နေသော စစ်တပ်အချင်းချင်းထိတွေ့ဆက်ဆံမှုအားလုံးကို ရပ်တန့် ရန် နှင့် အစိုးရဖက်ကိုသာ တဖက်တည်းမျက်နှာလိုက်သော ငြိမ်းချမ်းရေးရံပုံငွေမျိုး မဖြစ်စေရန် အကြံပြုတောင်းဆိုထားသည်။

အစီရင်ခံစာ အပြည့်အစုံကို www.kachinwomen.com တွင် ရရှိနိုင်ပါသည်။

**ပိုမိုသိရှိလိုပါက-**

**-ရှယ်လီဆိုင်း(+၆၆ (၀) ၈၆၉-၂၃၈-၈၅၄)**

**-မွန်းနေလီ (+၄၆ (၀) ၇၆၂-၆၁၂-၇၈၃၊ + ၆၆ (၀) ၈၅၅-၂၃၃-၇၉၁)**

**-ဆိုင်းဇင့် (+၉၅ (၀) ၉ ၄၅၈ ၄၃၀ ၂၅၄ + ၈၆ (၀) ၁၃၁-၈၇၅-၇၅၇-၅၉**

အီးမေးလ် ။ ။ kwat.secretariat@gmail.com

*ကချင်အမျိုးသမီးအစည်းအရုံး* (ထိုင်းနိုင်ငံ)-*KWAT သည် ကချင်အမျိုးသမီးများ*

*ကိုယ်စားလုပ်ရှားဆောင်ရွက်သော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်သည်။ မိမိတို့၏ မျော်မှန်းချက်မှာ ကချင်ပြည်နယ်အတွင်း ခွဲခြားဆက်ဆံမှုပုံစံ အားလုံးကို တိုက်ဖျက်ရန်၊ အမျိုးသမီးများအနေဖြင့် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်နိုင်ရေး စွမ်းရည်မြှင့်တင်ရန် နှင့် ကလေးငယ်တိုင်း ၎င်းတို့၏ အစွမ်းအစများထုတ်ဖေါ်နိုင်သော အခွင့်အလမ်း ရရှိရန်တို့ ဖြစ်သည်။*